# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 2, 2024 — Volume 78, Number 1


၂.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၁၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၁.၅၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ နီးပါးရရှိ



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ နီးပါးရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈၃၁ ဒသမ ၃၁၂ သန်း ရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို အဓိကစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့တင်ပို့လျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်သည် ပြည်ပပို့ကုန်များတွင် ဒုတိယအများဆုံးပို့ကုန်ဖြစ်ပြီး စက်မှုကုန်ချောကို အများဆုံးတင်ပို့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း သစ်တောထွက်ပစ္စည်းများအပြင် လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်ပစ္စည်းများ တင်ပို့ရာ ပြည်ပပို့ကုန် စုစုပေါင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄,၆၁၈ ဒသမ ၄၅၉ သန်းရရှိကြောင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကို ပြန်လည်တင်သွင်းကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/54789 2-5-2024

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးအနုပိသာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ပြီးခဲ့သည့် မတ်လအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးအနုပိသာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၏ ပြောပြချက်အရ သိရသည်။

ထို့ပြင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကလည်း ကွမ်းသီးအနုပိသာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်ထိ ကွမ်းသီးအနုပိသာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်ပဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ "ပြည်ပဈေးကွက်က မှာယူမှုများလာလို့ ရန်ကုန်ကို ကုန်အများအပြားတင်ပို့နေရတာဖြစ်ပါတယ်။ လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအနု ၁၀ ပိသာကို ငွေကျပ် ၈၅,၀၀၀ ထိ ဈေးရှိတယ်"ဟု ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကွမ်းသီးအနုများကို တရုတ်နိုင်ငံမှ အဓိကဝယ်ယူကြပြီး မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများထိ သွားရောက်ဝယ်ယူကာ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=157317

## ရုရှားသို့ အိန္ဒိယ၏ အဓိကပို့ကုန်စာရင်းတွင် ပုစွန်နှင့်လက်ဖက်ခြောက်များပါဝင်

အိန္ဒိယသည် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ စမတ်ဖုန်းများစံချိန်တင်တင်ပို့ခဲ့ပြီး ၎င်းသည် ရုရှားသို့ အဓိကတင်ပို့သည့်ထုတ်ကုန်ဖြစ်လာခဲ့ကြောင်း အိန္ဒိယကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဖေဖော်ဝါရီလတွင် ရုရှားသို့ ဒုတိယအများဆုံးတင်ပို့သည့်ပို့ကုန်မှာ ဆေးဝါးများ(ဒေါ်လာ ၂၇ သန်း)ဖြစ်ပြီး ၎င်းနောက်တွင် ကျောက်ပြား (ဒေါ်လာ ၁၃ သန်း)ရှိသည်။ ထိပ်တန်းပို့ကုန်ငါးမျိုးတွင် ပုစွန်(ဒေါ်လာ ၁၀ သန်း)နှင့် လက်ဖက်ခြောက်(ဒေါ်လာ ၉ သန်း)တို့ပါဝင်သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် အိန္ဒိယကြားကုန်သွယ်မှုပမာဏသည် ၁ ဒသမ ၈ ဆတိုးလာပြီး အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံနီးပါးရှိကြောင်း၊ ရုရှားသည် အိန္ဒိယ၏အကြီးဆုံးကုန်သွယ်ဖက်များအနက် စတုတ္ထနေရာတွင်ရှိကြောင်း အိန္ဒိယစာရင်းအင်းဝန်ဆောင်မှုဌာန၏အချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသို့ အိန္ဒိယ၏အဓိကပို့ကုန်များမှာ ဆေးဝါး၊ သံမဏိထုတ်ကုန်၊ နီလာ၊ ပုစွန်နှင့် ကြွေထည်ပစ္စည်းတို့ဖြစ်ပြီး ရုရှားမှ အိန္ဒိယသို့ အဓိကသွင်းကုန်များမှာ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ကျောက်မီးသွေး၊ ဓာတ်မြေဩဇာနှင့် စိန်များဖြစ်ကြောင်း သိရသည်။

**Source:**https://ria.ru/20240425/indiya-1942201447.html

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

**https://myantrade-gov-mm.translate.goog/article/STP(Ygn)_01052024_22:39**

## ၈ လတာ ကာလအတွင်း ထိုင်းနိုင်ငံ၏ပို့ကုန် ပထမအကြိမ်ကျဆင်းခဲ့

ယခင်ဘဏ္ဍာနှစ်၏ ပို့ကုန်တန်ဖိုး အမြင့်ကိန်းဂဏန်းကိုအခြေခံ၍ တွက်ချက်ထားမှုကြောင့် မတ်လအတွင်း ပို့ကုန်တန်ဖိုး ၁၀ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့မှုသည် ၈ လတာကာလအတွင်း ပထမအကြိမ်အဖြစ် ပို့ကုန်တန်ဖိုး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မတ်လအတွင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁ ဘီလီယံဖြစ်သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် လယ်ယာစက်မှုထုတ်ကုန်များ တင်ပို့ခဲ့မှုသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉ ဘီလီယံထိ ကျဆင်းခဲ့သဖြင့် အဓိက ကျဆင်းခဲ့သည့် ပို့ကုန်များဖြစ်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး၏ ညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiyanapakorn က ပြောကြားခဲ့သည်။

ဆန်၊ ရော်ဘာ၊ စည်သွပ်နှင့်ပြုပြင်ပြီးအစားအသောက်၊ တိရစ္ဆာန်အစာ၊ စည်သွပ်နှင့်ပြုပြင်ပြီးသစ်သီး၊ အရသာမှုန့်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ တင်ပို့မှုသည် အခြေအနေကောင်းခဲ့သော်လည်း ပီလောပီနံထုတ်ကုန်၊ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက် အဆီများ၊ သကြား၊ လတ်ဆတ်အေးခဲနှင့်သစ်သီးခြောက်များ တင်ပို့ခဲ့မှုကျဆင်းခဲ့ပါကြောင်း၊ အလားတူ စက်မှုထုတ်ကုန်များ ဖြစ်သည့် လျှပ်စစ်ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်နှင့်သစ်သားထုတ်ကုန်များ တင်ပို့မှုကောင်းမွန်ခဲ့သော်လည်း မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ၊ ဆီနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ လေအေးပေးစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ထရန်စစ္စတာနှင့် ဒိုင်အုတ်များ တင်ပို့မှုကျဆင်းခဲ့ပါကြောင်း သိရသည်။

အဓိက ဈေးကွက်များဖြစ်သည့် တရုတ်၊ ဂျပန်၊ ဥရောပသမဂ္ဂနှင့် အာဆီယံသို့ တင်ပို့ခဲ့မှုတွင် ကျဆင်းခဲ့ပြီး အမေရိကန်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်သို့ ပို့ကုန်တင်ပို့နိုင်ခဲ့မှုသည် မြင့်တက်ခဲ့ပါကြောင်း၊ ဒုတိယဈေးကွက်ဖြစ်သည့် အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင်အမေရိက၊ ရုရှား၊ ဓနသဟာယနိုင်ငံများနှင့်ယူကေသို့ တင်ပို့ခဲ့မှုကျဆင်းခဲ့သော်လည်း သြစတြေးလျသို့တင်ပို့ခဲ့မှု မြင့်တက်ခဲ့ပါကြောင်း၊ အခြားဈေးကွက်ဖြစ်သော ဆွစ်ဇာလန်သို့ တင်ပို့နိုင်ခဲ့မှုလည်း ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် ဒုတိယလပတ်တွင် သစ်သီးခူးဆွတ်ရာသီ ရောက်လာပြီဖြစ်သဖြင့် သစ်သီးတင်ပို့မှုများမှတစ်ဆင့် ပို့ကုန် အခြေအနေအတက်ဖက်သို့ ရောက်လာနိုင်ကြောင်း၊ ထို့အတူ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သန့်ရှင်းသော စွမ်းအင် ထုတ်ကုန်ပစ္စည်းများလည်း ပို့ကုန်အခြေအနေ ကောင်းမွန်လာနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ပို့ကုန်တိုးတက်မှုကို ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းကြား ခန့်မှန်းထားပြီး ကျန်လများအတွင်း ပျမ်းမျှအားဖြင့် ၁ လလျှင် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၂၄ ဘီလီယံရှိပါက ခန့်မှန်းချက်ကိုပြည့်မီနိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြောကြားသည်။

မတ်လအတွင်း ပို့ကုန်ကျဆင်းခဲ့ခြင်းမှာ စိုက်ပျိုးရေးထုတ်ကုန်ဖြစ်သည့် ဒူးရင်းသီးသည် ဧပြီလကုန်သည်အထိ ခူးဆွတ်မှု နှောင့်နှေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဒုတိယလပတ်တွင် ဘတ်ငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် ဆန်၊ ရော်ဘာ၊ တိရစ္ဆာန်အစာနှင့် မော်တော်ကားတင်ပို့မှုများ၏ပို့ကုန်သည် မြင့်တက်လာနိုင်ကြောင်း ထိုင်းပို့ကုန်လုပ်ငန်းရှင်များကောင်စီဥက္ကဋ္ဌ Mr. Chaichan Chareo-nsuk က သုံးသပ်ပြောကြားသည်။

မတ်လအတွင်း ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့ခြင်းသည် ပို့ကုန်ကျဆင်းခဲ့ခြင်းကြောင့်ဖြစ်ပြီး ပို့ကုန်အမည်တစ်ခုချင်းစီ၏ လျော့နည်းတင်ပို့ခဲ့မှု၊ ဈေးကွက်အလိုက် လျော့နည်းတင်ပို့ခဲ့မှုတို့ကြောင့်ဖြစ်သည်။ ဒုတိယလပတ်တွင် သစ်သီးများ တင်ပို့ရာသီ ဖြစ်သောကြောင့် ပို့ကုန်သည် ကောင်းမွန်သောအခြေအနေသို့ပြန်လည်ရောက်ရှိလာနိုင်ပြီး ဘတ်ငွေနှင့်အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည် ၁ ဒေါ်လာလျှင် ၃၆ ဘတ်မှ ၃၇ ဘတ်ကြားရှိပြီး ဘတ်ငွေတန်ဖိုးကျဆင်းနေပါကြောင်း သိရသည်။

**Source: [www.bangkokpost.com](http://www.bangkokpost.com)**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

## ၂၀၂၄ ခုနှစ် ဒုတိယ ၃ လပတ်ကာလတွင် ဆန်ဈေးမြင့်တက်နိုင်မည်ဟု ထိုင်းနိုင်ငံဆန်တင်ပို့သူများခန့်မှန်း

အယ်နီညိုသက်ရောက်မှုနှင့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုကန့်သတ်ချက်များကြောင့် ၂၀၂၄ ခုနှစ်၊ ဒုတိယ(၃)လပတ် ကာလတွင် တစ်ကမ္ဘာလုံး ဆန်ဈေးတက်နိုင်သည်ဟု ထိုင်းနိုင်ငံဆန်တင်ပို့သူများက ခန့်မှန်းကြသည်။ ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်လာမှုကိုတုံ့ပြန်ရန်နှင့် ရာသီဥတုအခြေအနေများကြောင့် ဆန်ပြတ်လပ်မှုဖြစ်ပွားမည်ကို စိုးရိမ်မှုတို့ကြောင့် အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ပြည်ပသို့ ဆန်ဖြူတင်ပို့မှုကိုပိတ်ပင်ခဲ့ပြီး ဆန်မွှေးနှင့် ပေါင်းဆန် တင်ပို့မှုတို့ကို ကန့်သတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့ဆန်ဈေးသည် (၁၅) ရာခိုင်နှုန်းမှ (၂၅)ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။ ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ပထမ (၃)လပတ်ကာလတွင် ဆန်တန်ချိန် ၂ ဒသအ ၅ သန်းကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့သို့ တင်ပို့ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ဆန်ဈေး စံချိန်တင်မြင့်တက်လာသော်လည်း အမေရိကန်နှင့် အာရှနိုင်ငံများမှာ ပြည်တွင်းထောက်ပံ့မှုလျော့ကျလာခြင်းအပေါ် ဖာထေးရန်အတွက် ထိုင်းနိုင်ငံမှဆန်ဖြူနှင့်ဆန်မွှေးတို့ကို တင်သွင်းရန် လိုအပ်ချက်မြင့်မားနိုင်ကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr.Chookiat က ပြောကြားခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် ထိုင်းဆန်ဖြူဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၂ ရှိခဲ့ပြီး ပေါင်းဆန် တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၆ ရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ကောက်ရိတ်သိမ်းရာသီ မတ်လတွင် စတင်သည့်အတွက် ဈေးကွက်တွင်ပြိုင်ဆိုင်မှုများ မြင့်တက်လာနိုင်သောကြောင့် ၂၀၂၄ ခုနှစ်၊ ဒုတိယ(၃)လပတ်ကာလတွင် ထိုင်းနိုင်ငံ ဆန်တင်ပို့မှုပမာဏမှာ အနည်းငယ်ကျဆင်းနိုင်ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံက ဆန်ဖြူတင်ပို့မှုကို ဆက်လက်ပိတ်ပင်ထား၍ ထိုင်းဆန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်တွင် ဆက်လက်မြင့်တက်နေဦးမည်ဟု ပြည်တွင်းရှိ ဆန်ကုန်သည်များက အကောင်းမြင်သင့်ကြောင်း Mr.Chookiat ကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၈ သန်း (ခန့်မှန်းတန်ဖိုး ဘတ် ၁၈၀ ဘီလီယံထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**Source: DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/19463

## အိန္ဒိယအစိုးရသည် ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ပဲမျိုးစုံဝယ်ယူတင်သွင်းသည့်အခါ လွယ်ကူစွာပေးချေမှုပြုနိုင်ရန် ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှုစနစ်အားဆောင်ရွက်

အိန္ဒိယအစိုးရသည် ၎င်း၏ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ပဲမျိုးစုံဝယ်ယူတင်သွင်းသည့်အခါ လွယ်ကူစွာပေးချေမှုပြုနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းတို့သည် ရူပီး/ကျပ်တိုက်ရိုက်ပေးချေမှုစနစ်ခေါ် အထူးပေးချေမှုစနစ်ကို ပန်ဂျပ်နေရှင်နယ်ဘဏ်(Punjab National Bank)မှတစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါစနစ်ကို အထူးရူပီးဗိုစတိုစာရင်း(Special Rupee Vostro Account–SRVA)ဟုခေါ်ကြောင်း The Economic Times သတင်းဌာနမှ ယခုလ ၁၃ ရက်နေ့က ဖော်ပြသည်။

အိန္ဒိယစားသုံးသူရေးရာ အတွင်းဝန် Nidhi Khare သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲများဖြစ်ပေါ်နေပြီး ကုန်သည်များက ကုန်များကိုလက်ဝယ်ထိန်းသိမ်းကာ ရောင်းချနေသည့်အတွက် သွင်းကုန်ပဲဈေးနှုန်းများ တည်ငြိမ်မှုမရှိသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါငွေပေးချေမှုစနစ်နှင့်စပ်လျဉ်း၍ အိန္ဒိယအစိုးရက ယခုလ ၁၃ ရက်နေ့က တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံကို ပြည်တွင်း၌ လိုအပ်ချက်ပြည့်မီအောင် မထုတ်လုပ်နိုင်သည့်အတွက် ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့ပဲများကို မြန်မာနိုင်ငံမှတင်သွင်းလျက်ရှိသည်။ အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနက ကုန်သည်များအနေဖြင့် ကုန်သွယ်မှုကို ပိုမိုလွယ်ကူမြန်ဆန်အောင် အဆိုပါပေးချေမှုစနစ်သစ်အား အသုံးပြုရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပေးချေမှုစနစ်အသစ်ကို ယခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင် မိတ်ဆက်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၎င်းနှင့်စပ်လျဉ်းသောလမ်းညွှန်ချက်များကိုလည်း ဇန်နဝါရီလ ၂၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ အိန္ဒိယအစိုးရထံ ပြောကြားခဲ့ကြောင်းသိရသည်။ ယင်းသို့ပေးချေမှုစနစ်ကို အသုံးပြုခြင်း

အားဖြင့် ကုန်သည်များအနေဖြင့် ငွေကြေးများကို အကြိမ်ကြိမ်ပြောင်းလဲရန် မလိုအပ်သည့်အတွက် ကုန်သွယ်မှုကို ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယအစိုးရက ကုန်သည်လုပ်ငန်းရှင်များကို ပဲမျိုးစုံကုန်လက်ကျန်နှင့် ပတ်သက်၍ အစိုးရဝက်ဘ်ဆိုဒ်တွင် အပတ်စဉ်ထုတ်ဖော်ကြေညာသွားရန်လည်း တိုက်တွန်းပြောကြားထားသည်။ အကယ်၍ မည်သူမဆို အဆိုပါကိစ္စနှင့်ပတ်သက်၍ မဟုတ်မမှန်ဖော်ပြခြင်း၊ ထိန်ချန်ဖုံးကွယ်ထားခြင်းမျိုးရှိကြောင်း စစ်ဆေးပေါ်ပေါက်ပါက ထိရောက်စွာအရေးယူသွားမည်ဟု အစိုးရက သတိပေးထားသည်။ ထို့ပြင် ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေအသီးသီးရှိ တာဝန်ရှိသူများကိုလည်း အဆိုပါကိစ္စရပ်အပေါ် တင်းတင်းကြပ်ကြပ်ကိုင်တွယ်ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

**ရည်ညွှန်း။ The Economic Times, Payment mechanism for traders importing pulses from Myanmar simplified: Govt, April 13, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

**Category: International News**

**https://myantrade-gov-mm.translate.goog/article/STP(Yangon)-02052024-12:**

## အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ ၉၉၅၀၀ တန်ကို အိမ်နီးချင်း ၆ နိုင်ငံသို့ တင်ပို့ခွင့်ပြုသွားမည်

အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီကို ပြည်ပတင်ပို့ခွင့်ရပ်ဆိုင်းထားသော်လည်း Maharashtra ပြည်နယ်မှ အဓိကထွက်ရှိသော ကြက်သွန်နီ ၉၉,၅၀၀ တန်ကို အိမ်နီးချင်း ၆ နိုင်ငံသို့ တင်ပို့ခွင့်ပြုသွားမည်ဟု အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနက ယခုလ ၂၇ ရက်နေ့က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသနှင့်ဥရောပနိုင်ငံ ပို့ကုန်ဈေးကွက်များသို့တင်ပို့ရန် စိုက်ပျိုးထားရှိသော ကြက်သွန်နီဖြူ (White onion) ၂၀၀၀ တန်ကိုလည်း တင်ပို့ခွင့်ပြုသွားမည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှစတင်၍ ကြက်သွန်နီပြည်ပတင်ပို့ခွင့်အား ပိတ်ပင်ထားခဲ့သည်။ "ကြက်သွန်နီ ၉၉,၁၅၀ တန်ကို ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ ဘူတန်၊ ဘာရိန်း၊ မောရိသျှနှင့်သီရိလင်္ကာစသည် အိမ်နီးချင်း(၆)နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ပြုသွားမည်"ဟု အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် အများပြည်သူ့ဖြန့်ချီရေးဝန်ကြီးဌာန(Ministry of Consumer Affairs, Food & Public Distribution)က ထုတ်ပြန်သော တရားဝင်ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါနိုင်ငံများသို့ ကြက်သွန်နီတင်ပို့ရောင်းချမည့် အမျိုးသားသမဝါယမပို့ကုန်လီမိတက်(National Cooperative Exports Limited-NCEL) သည် ပြည်တွင်းမှ ကြက်သွန်နီများကို L1(အနိမ့်ဆုံး) ဈေးနှုန်းဖြင့်ဝယ်ယူပြီး အီးပလက်ဖောင်း(e-platform)မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဟုသိရသည်။ NCEL အနေဖြင့် သက်ဆိုင်ရာအစိုးရများထံမှ ဝယ်ယူခွင့်ရရှိထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများထံသို့ နှစ်ဖက်ညှိနှိုင်းဈေးနှုန်းဖြင့် ၁၀၀ ရာခိုင်နှုန်း ကြိုတင်ပေးချေစေကာ ရောင်းချပေးသွားမည်ဟု သိရသည်။ အဆိုပါဈေးနှုန်းအား သတ်မှတ်ရာတွင် သက်ဆိုင်ရာနိုင်ငံအသီးသီး၌ ဖြစ်ပေါ်လျက်ရှိသည့် ကြက်သွန်နီ၏ လက်ရှိပြည်တွင်းဈေးနှုန်း၊ အပြည်ပြည်ဆိုင်ရာဈေးနှုန်းများကို ထည့်သွင်းချိန်ညှိစဉ်းစားသွားမည်ဟုဆိုသည်။ နိုင်ငံအလိုက်တင်ပို့ရောင်းချမည့် အရေအတွက်ခွဲတမ်းမှာမူ အဆိုပါနိုင်ငံများ၏ လိုအပ်ချက်အပေါ် မူတည်ကြောင်းသိရသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပနိုင်ငံ ပို့ကုန်ဈေးကွက်များသို့ အထူးသဖြင့် တင်ပို့ရန် စိုက်ပျိုးထားရှိသော ကြက်သွန်နီဖြူ(White onion) ၂၀၀၀ တန်ကိုလည်း တင်ပို့ခွင့်ပြုသွားမည်ဟုဆိုသည်။

အစိုးရအနေဖြင့် ယခုနှစ်အတွက် ဗဟိုသိုလှောင်ရုံ၌ ဖြည့်သွင်းရန် ကြက်သွန်နီတန်ချိန် ၅ သိန်းဝယ်ယူရန်လျာထားကြောင်း သိရသည်။ ကြက်သွန်နီများ ပုပ်သိုးပျက်စီးဆုံးရှုံးမှုလျှော့ချနိုင်ရန် မွန်ဘိုင်းမြို့အခြေစိုက် BARC ကုမ္ပဏီမှ နည်းပညာပံ့ပိုးမှုဖြင့် ယမန်နှစ်မှစတင်၍ ကြက်သွန်နီ ၁၂၀၀ တန်အား ဓာတ်ရောင်ခြည်(Irradiation process)ဖြင့် ပိုးသတ်ကာ အအေးခန်းသိုလှောင်ရုံများ၌ စတင်စမ်းသပ်ထားရှိခဲ့သည်။ ယခုနှစ်တွင် အဆိုပါအအေးခန်းသိုလှောင်ရုံများ၌ ပိုးသတ်ပြီးကြက်သွန်နီ ၅၀၀၀ တန်အထိ တိုးမြှင့်ထားရှိသွားရန် အစိုးရမှ ဆုံးဖြတ်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ယခုနှစ် မတ်လတွင်ထုတ်ပြန်သော ၂၀၂၃-၂၀၂၄ (ပထမအကြိမ်ကြိုတင်ခန့်မှန်းချက်)ပါ အချက်အလက်များအရ ကြက်သွန်နီတန်ချိန် ၂၅၄ ဒသမ ၇၃ တန်ထွက်ရှိရန် ခန့်မှန်းထားပြီး၊ ယမန်နှစ်က တန်ချိန် ၃၀၂ ဒသမ ၀၈ သိန်းထွက်ရှိခဲ့သည့်အတွက် လျော့နည်းခဲ့ကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် Maharashtra ပြည်နယ်မှ ကြက်သွန်နီထွက်ရှိမှုတန်ချိန် ၃၄ ဒသမ ၃၁ သိန်းလျော့ကာ၊ Karnataka ပြည်နယ်မှ ၉ ဒသမ ၉၅ သိန်း၊ Andhra Pradesh ပြည်နယ်မှ ၃ ဒသမ ၅၄ သိန်းနှင့် Rajasthan ပြည်နယ်မှ ၃ ဒသမ ၁၂ သိန်း အသီးသီးအထွက်နှုန်း ကျဆင်းခဲ့သည့်အတွက်ကြောင့်ဟု သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ဖူလုံမှုရှိရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိရန်ရည်ရွယ်၍ ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုကို ပိတ်ပင်ကန့်သတ်ခဲ့ပြီး၊ ပြည်တွင်း၌လည်း အရန်သိုလှောင်ရုံများ၌ ဝယ်ယူ၍ထားရှိကာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ယခုအခါ ခြွင်းချက်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏လိုအပ်ချက်အရ ကြက်သွန်နီတန်ချိန် ၁ သိန်းနီးပါးကို နိုင်ငံ(၆)ခုသို့ တင်ပို့ရောင်းချရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ပြည်တွင်း၌လည်း တန်ချိန် ၅ သိန်းအထိ ဝယ်ယူသွားရန်လျာထားပြီး၊ ဓာတ်ရောင်ခြည်(Irradiation process)ဖြင့် ပိုးသတ်ကာ အအေးခန်းသိုလှောင်ရုံများ၌ ပိုမို၍ထားရှိလာခြင်းကဲ့သို့ ကာလရှည်သိုလှောင်ထားရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေစမ်းသပ်အသုံးပြုလျက်ရှိသည်။


**ရည်ညွှန်း။ The Hindu, Centre allows 99.5k tons of onion exports to 6 neighbouring nations, April 27, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

**Category:** International News

https://myantrade-gov-mm.translate.goog/article/STP(Ygn)_010520

## STOCK EXCHANGE (2.5.2024)



Market Overview

Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

Main Board

As of 12:00 pm, 2nd May, 2024

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,654 (Shares) | 13,448,800 (MMK) |

| MYANPIX | 368.72 ▲ 1.05 |
|---|---|
| Total Volume (shares) | 4,654 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,473 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,500 | ▼ 100 |
| MAEX | 00008 | 2,100 | ▲ 50 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 2nd May, 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.81 | +2.14 | +0.58% | 365.66 | 369.81 | 365.66 | 4,685 | 13,500,400 | 8 | 697,522 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 2nd May, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,654 (Shares) | 13,448,800 (MMK) |

| MYANPIX | 368.72 ▲ 1.05 |
|---|---|
| Total Volume (shares) | 4,654 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,473 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,500 | ▼ 100 |
| MAEX | 00008 | 2,100 | ▲ 50 |

TIR